ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



**စော်ဘွား(ဒေါပဲ့)ကျေးရွာ ၊ ဒေါဖုကျေးရွာအုပ်စု**

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## စော်ဘွား(ဒေါပဲ့)ကျေးရွာ ၊ ဒေါဖုကျေးရွာအုပ်စု


### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ........................................................................................၁
ကျေးရွာအုပ်စုမြေပုံ...............................................................................................................၂
ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ....................................................................၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ..................................................................................၄
    လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်........................................................................၅
    ကျေးရွာသမိုင်းအကျဉ်းချုပ်..................................................................................................၇
    ဥစ္စာခေန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ..............................................................................၈
        ဥစ္စာခေနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ............................................................၉
    ကျား/မ ပင့်ကူအိမ် .............................................................................................................၁၁
        ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် .......................................................................................၁၂
    အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ...........................................................................................၁၃
        အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်.......................................................................၁၄
    ရာသီခွင်ပြ ပြက္ခဒိန် .............................................................................................................၁၄
        ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် .......................................................................................၁၆
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ.................................................၁၉
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ **(PC-၁)**.........................................................၂၁
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂).....................................................................၂၄
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃) ..........................................................၂၆
နောက်ဆက်တွဲ၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(၄)...................၂၇
ကျေးရွာအစည်းအဝေးမှတ်တမ်းများ ........................................................................................၂၉
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်..............................၃၀

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



## ကျေးရွာအုပ်စုမြေပုံ



ဒေါ်ဖု ကျေးရွာအုပ်စုမြေပုံ
မ
န
ရ
တ
အညွှန်း
အုပ်စုရွာ
ကျေးရွာ
ရွာလမ်း
ကတ္တရာလမ်း
နယ်နိမိတ်
တဖို
ဘိုးလျား
ဒေါ်ပွဲ့ဒူ
ဒေါ်ဖု
ဒေါ်ဆိုရှ
စော်ဘွားဒေါ်ပွဲ့
ဒီးမော့ဆိုမြို့သို့
ဒေါ်တမကြီး သို့

ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

ဒေါ်ဖု အုပ်စု အတွင်းရှိ လူဦးရေ စာရင်းများ (၂၀၁၇ - ၂၀၁၈)

| စဉ် | ကျေးရွာအမည် | လူဦးရေ | | | အိမ်ခြေ | အိမ်ထောင်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း | | | |
| ၁. | ဘိုးလျား | ၁၃၉ | ၁၆၃ | ၃၀၂ | ၅၉ | ၅၉ | |
| ၂. | ဒေါ်ပဲ့ (စော်ဘွား) | ၅၄ | ၆၈ | ၁၂၂ | ၃၄ | ၃၄ | |
| ၃. | တဖို | ၆၈ | ၄၉ | ၁၁၇ | ၂၃ | ၂၃ | |
| ၄. | ဒေါ်ဆိုဒူ | ၂၂ | ၂၄ | ၄၆ | ၁၀ | ၁၀ | |
| ၅. | ဒေါ်ပဲ့ဒူ | ၁၅၉ | ၁၄၆ | ၃၀၅ | ၅၁ | ၅၁ | |
| ၆. | ဒေါ်ဖု | ၁၀၅ | ၁၀၈ | ၂၁၃ | ၄၅ | ၄၅ | |
| | စုစုပေါင်း | ၅၄၇ | ၅၅၈ | ၁,၁၀၅ | ၂၂၂ | ၂၂၂ | |

# ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



ဒေါပဲ့(စော်ဘွား)ကျေးရွာသည် ဒီးမော့ဆို-ဒေါတမကြီးလမ်းမကြီးဘေးတွင် တည်ရှိပြီး ဒီးမော့ဆိုမြို့မှ (၁၉)မိုင် ကွာဝေးပါသည်။ ဒေါပဲ့ကျေးရွာတွင် အိမ်ခြေ(၃၄)လုံးရှိပါသည်။ (၆၅)နှစ်အိမ်မှာ (၃)လုံးရှိသည်။ မသန်စွမ်းရှိသောအိမ်တစ်လုံးရှိသည်။ အမျိုးသမီးဦးထောင်ဦးစီး (၄)အိမ်ရှိပါသည်။ ဒေါပဲ့ကျေးရွာသည် ယခင်က အိမ်ခြေ(၄၂)လုံးရှိပြီး ၂၀၁၄ ခုနှစ်တွင် ကျေးလက်မှ လာရောက်ဆောက်လုပ်ပေးပြီး အိမ်တိုင်းလူမနေလျှင်မရဟုဆိုသဖြင့် အိမ်ထောင်စုခွဲ၍ ခွဲနေကြသောကြောင့် အိမ်ခြေများလာခြင်းဖြစ်ပါသည်။ ဒေါပဲ့ကျေးရွာတွင် စာသင်ကျောင်းကို ကျေးရွာအဝင်ဝတွင် ဖွင့်လှစ်ထားကာ မူလတန်းကျောင်းဖြစ်ပါသည်။ စာသင်ကျောင်းဝန်းထဲတွင် မူကြိုကျောင်းကို လူထု ဗဟိုပြုစီမံကိန်းမှ ၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ပေးထားပါသည်။ မူကြိုးကျောင်းဘေးတွင် ကျေး လက်မှဆောက်လုပ်ပေးသော မိုးရေလှောင်ကန်(၁)ကန်ရှိပါသည်။ ရွာထဲတွင်လည်း ရေစုကန်(၂)လုံး ရှိပါသည်။ တစ်လုံးအား ကျေးရွာ၏အလယ်တွင် ထားရှိပြီး ကျန်တစ်လုံးအား ဒေါပဲ့(စော်ဘွား) ကိုးကွယ်ယုံကြည်သော တံခွန်တိုင်(ကေ့ထိုးဘိုး)ဝန်ထဲ ခန်းမဆောင်ဘေးတွင် ထားရှိပါသည်။ ကေ့ထိုးဘိုးဝန်းမှ မြောက်ဘက်သို့ဆင်းသွားသော စိမ့်စမ်းရေထွက်သို့သွားသောလမ်းရှိသည်။ ယခင် က ၂၀၁၂ ခုနှစ် ရှေ့ပိုင်းကာလများတွင် ၎င်းရေထွက်ပေါက်ကို သောက်ရေ၊ သုံးရေအဖြစ် မှီခိုအား ထားခဲ့ကြပါသည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ACF မှ ဒေါဖုရေထွက်မှ ရေသွယ်ပေးကာ ဒေါဖု၊ ဒေါပဲ့၊ ဒေါပဲ့ဒူနှင့် ဒေါဆိုခူ (၄)ရွာစလုံးကို ဖြန့်ဝေပေးသည်။ ၂၀၁၅ ခုနှစ်လောက်မှစ၍ ဒေါပဲ၊ ဒေါပဲဒူ၊ ဒေါဆိုခူသို့ ပို့ပေးသောအုတ်ကန်ပြိုသွားကာ နောက်ပိုင်းတွင် ၎င်းတို့(၃)ရွာမှာ ရေမရရှိသဖြင့် ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ ခြေလျင်ဖြင့်သော်လည်းကောင်း၊ ဂါလံပုံးများဖြင့် ဒေါဖုရွာသို့ သွားရောက်ခပ်ယူကြပါသည်။ ဒေါပဲ့(စော်ဘွား)၏ စိမ့်စမ်းရေထွက်ပေါက်သည်လည်း ရွာနှင့်အမြင့်ပေ (၃၀၀)နီးပါးလောက်ရှိကာ (၁)မိုင်နီးပါးလောက်ရှိပြီး နွေရာသီတွင်လည်းယခင်နှစ်များကလို ရေလုံလောက်မှုမရှိတော့ချေ။ ဒေါပဲ့၊ ဒေါပဲဒူ၊ ဒေါဆိုခူကျေးရွာတို့သည် ရေအရင်းအမြစ် ရှားပါးသည်။ ရေ သွယ်ယူအဆင်ပြေရန်အတွက် ဒေါဆိုခူရေကန်ကြီး တစ်ကန်သာ ရှိသည်။ ၎င်းရေကန်သည် တောင် ပေါ်တွင်တည်ရှိပြီး ဒေါပဲ့၊ ဒေါပဲ့ဒူကျေးရွာထက် အမြင့်တွင်ရှိသည်။ ဒေါဆိုခူနှင့်ပေ(၅၀)အောက်တွင် ရှိသည်။ စနစ်တကျသွယ်ယူပါက ၎င်းတို့(၄)ရွာစလုံးအတွက် ရေပြဿနာကို ဖြေရှင်းပေးနိုင်ပါ သည်။ ဒေါပဲ့ကျေးရွာ၏ ရွာတွင်းလမ်းများမှာ ကျောက်လမ်း၊ ကျောက်ချောလမ်းနှင့် မြေသားလမ်း တို့ဖြစ်ပါသည်။ ၎င်းတို့ကျေးရွာအနီးတစ်ဝိုက်တွင်လည်း ကျောက်ချောလမ်းနှင့် မြေသားလမ်းတို့ ဖြစ်ပါသည်။ ၎င်းတို့ကျေးရွာအနီးတစ်ဝိုက်တွင်လည်း ကျောက်တောင်အများအပြားရှိပါသည်။ သစ် တောနှင့် စိုက်ပျိုးရန်မြေနေရာများလည်း ပေါများသည်။ သို့သော်ထုတ်ယူသုံးစွဲနိုင်သော နည်းပညာ နှင် အရင်းအနှီးမရှိပါ။ လျှပ်စစ်မီးမရရှိသဖြင့်လည်း ဆိုလာပြားကိုသာ အသုံးပြုကြပါသည်။ ၎င်းတို့ မှာ

တောင်ပေါ်ဒေသရေရှားပါးခြင်းကြောင့် မိုးရေကိုသာ အားကိုးပြီး တောင်ယာကိုအဓိကထား လုပ်ကိုင်ကာ တောင်ယာစပါး၊ ပြောင်း၊ ပြောင်းကောက်တို့ကို အဓိကထားစိုက်ပျိုးကြပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၁၄)ဦး၊ မ (၁၂)ဦး**

## ကျေးရွာသမိုင်းအကျဉ်းချုပ်


ဒေါပဲ့(စော်ဘွား)ကျေးရွာသည် ရှေးမြန်မာမင်းလက်ထက် နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို မသိမ်းပိုက်ခင်ကတည်းက ကျေးရွာကို တည်ထောင်ပြီးဖြစ်ပါသည်။ မြန်မာမင်းအုပ်ချုပ်စဉ် လက်ထက်တွင်(ဘောဖိုး)ကျေးရွာတွင် (ဘောဖိုးဒူ)အမည်ရှိသော ကယားတို့၏အရှင်ဘုရင်(စော်ဘွား) တစ်ပါး ကယားလူမျိုးတို့အား အုပ်ချုပ်၍မင်းလုပ်နေပါသည်။ ယင်း “ဘောဖိုးဒူမင်း” လက်ထက် မှာပင် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည်။ “ဘောဖိုးဒူမင်”လည်း အင်္ဂလိပ်တို့အား ရဲဝံ့စွာ တော်လှန်တိုက်ထုတ်နိုင်ခဲ့သော်လည်း အင်္ဂလိပ်တို့မှာ ဘုန်းတန်ခိုးကြီးပြီး တိုက်ခိုက်၍ မလွယ်ကူလှ သော ဘောဖိုးဒူမင်းအား ဓားရှိမွေး၍ လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ဘောဖိုးဒူမင်းလည်း မိမိလုပ်ကြံခံ ရမည်ကို သိရှိသော်လည်း တိုက်ပွဲအားရှောင်လွှဲ၍မရသဖြင့် ၎င်းတိုက်ပွဲကိုဆင်နွဲကာ လုပ်ကြံခံရသ ဖြင့် ဒဏ်ရာပြင်းထန်စွာရရှိကာ တပ်ကို ဆုတ်ခွာခဲ့သည်။ အင်္ဂလိပ်တို့မှာ ၎င်းတိုက်ပွဲကို အောင်နိုင် ပြီးနောက် ကယားပြည်ကို သိမ်းပိုက်ရရှိခဲ့သည်။ ဘောဖိုးဒူမင်းလည်း စစ်ရှုံးသဖြင့် မိမိ၏ လူယုံဖြစ် သော ဦးဝီဒကို ထီးနန်းအားလွှဲအပ်ခဲ့ပြီး တောထွက်ကာ ခြေရာဖျောက်ခဲ့လေသည်။ အင်္ဂလိပ်လက် ထက်တွင် ဦးဝီဒမှာ စော်ဘွားဖြစ်လာပြီး ဦးဝီဒနတ်ရွာစံသော် သားဖြစ်သူ “ခွင့်စ်-လီးဖဲ”ဆက်လက် ၍ အုပ်ချုပ်ခဲ့သည်။ ၎င်းစော်ဘွားသည် မိဖုရား(၃)ပါးရှိသည်။ ပထမမိဖုရားသည် ယခုဒေါပဲ့ရွာမှ “ဒေါ်ခါးမိုး”ဖြစ်သည်။ ဒေါ်ခါးမိုးမှာ ဘောဖိုးရွာသို့ လိုက်၍မနေလိုသဖြင့် စော်ဘွား “ခွင့်စ်-လီးဖဲ” လည်း ဒေါပဲ့ကျေးရွာတွင် ဟော်နန်းဆောက်လုပ်ပေးခဲ့သည်။ ထို့နောက် ဒေါပဲ့ကျေးရွာသူ “ဒေါ်ဌေးမြာ”နှင့် ကရင်တိုင်းရင်းသူ “မဟာဒေဝီ”တို့ကို မိဖုရားမြှောက်ကာ လွိုင်ကော်ရှိ ဟော်ကြီး နန်းတွင် နေစေခဲ့သည်။ ထို့နောက် ခွင့်စ်-လီးဖဲ နတ်ရွာစံပြီးနောက် သားဖြစ်သူ “စောဖျာ-ခူးစိုးရယ်” ဆက်ခံကာ ဒေါပဲ့ကျေးရွာတွင် အခြေခနေထိုင်ပြီး အင်္ဂလိပ်တို့နှင့် ဆက်ဆံနေထိုင်ခဲ့ သည်။ ၎င်းစော်ဘွားသည် ထက်မြက်သော စော်ဘွားတစ်ပါးဟုလည်း သိရှိရသည်။ သို့သော်၎င်း လက်ထက်တွင် အင်္ဂလိပ်အစိုးရအား အခွန်မပေးဆောင်နိုင်တော့သဖြင့် အင်္ဂလိပ်တို့မှ လာရောက် ဖမ်းဆီးခေါ်ဆောင်သွားလေသည်။ ထို့နောက် “ခွင့်စ်-ထွားရယ်”မှ ဆက်လက်၍ အုပ်ချုပ်ခဲ့လေ သည်။ ဂျပန်ခေတ်ကာလတွင် “စောဖျာ-ခူးစိုးရယ်” အချုပ်အနှောင်မှ ပြန်လည်ရောက်ရှိလာခဲ့ သည်။ သို့သော် ခွင့်စ်-ထွားရယ်သာ ဆက်လက်အုပ်ချုပ်ခဲ့ပြီး ဂျပန်စစ်ရှုံးကာ မြန်မာစစ်တပ်အုပ်ချုပ် ခဲ့သော ကာလတွင် စော်ဘွားအုပ်ချုပ်သော စနစ်ပျောက်ကွယ်ခဲ့လေသည်။ “ခွင့်စ်-ထွားရယ်” သည် လည်း ဒေါပဲ့ရွာကို စွန့်ခွာပြီး ဒေါ်စဲရွာသို့ ပြောင်းရွှေ့နေထိုင်ရင်း ကွယ်လွန်ခဲ့လေသည်။ စော်ဘွား- ခူးစိုးရယ်မှာ ဒေါပဲ့ကျေးရွာတွင် နေထိုင်ရင်းကွယ်လွန်ခဲ့လေသည်။ ၎င်းကို ရွာအရှေ့ကျောက် တောင်တွင်ရှိသော ကယားစော်ဘွားဂူသင်္ချိုင်းတွင် သင်္ဂြိုလ်မြုပ်နှံခဲ့လေသည်။ ယခင်စော်ဘွားခေတ် တွင် ဒေါပဲ့ကျေးရွာသည် ကျယ်ဝန်းပြီး လူနေထူထပ်ခဲ့ဖူးပါသည်။ ၁၉၉၆ ခုနှစ်တွင် နိုင်ငံရေး အခြေ အနေမတည်ငြိမ်မှုကြောင့် စစ်ဘေးသင့်ရွာအဖြစ် ထီးဖိုးကလိုးသို့ တိမ်းရှောင်ခဲ့ပြီး ၁၉၉၉ ခုနှစ် နောက်ပိုင်းတွင် ပြန်လည်စုစည်းနေထိုင်လာခဲ့ကြသည်။ ၂၀၁၄ ခုနှစ်အထိ အိမ်ခြေ(၂၄)အိမ်ရှိပြီး

(၂၀၁၄/၂၀၁၅) ခုနှစ်တွင် ကျေးလက်မှ နေအိမ်အလုံး (၂၀)လာရောက်ချပေးကာ အိမ်ထောင်စုခွဲ၍ နေခဲ့ရာမှ ယခုအချိန်အထိ အိမ်ခြေစုစုပေါင်း (၃၄)အိမ်ရှိလာခဲ့ပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**



## ဥစ္စာခန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း




## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ဒေါပဲ့ကျေးရွာတွင် အိမ်ခြေပေါင်း(၃၄)အိမ်ဖြင့် ဖွဲ့စည်းထားသော ကျေးရွာတစ်ရွာဖြစ်ပါ သည်။ အိမ်ခြေ(၃၄)အိမ်အား ကျေးရွာလူထုဖြင့် ဥစ္စာဓနကွာခြားမှုအဆင့်ကို သတ်မှတ်ရာတွင် A အဆင့်၊ B အဆင့်၊ C အဆင့်ဟူ၍ အဆင့်(၃)ဆင့်ခွဲထုတ်သတ်မှတ်ခဲ့ကြပါသည်။ A အဆင့်တွင် (၂) အိမ်၊ Bအဆင့်တွင် (၂၂)အိမ်နှင့် Cအဆင့်တွင် (၁၀)အိမ်တို့ဖြစ်ပါသည်။ A အဆင့်တွင် ရောက်ရှိနေသောအိမ်ထောင်စု(၂)စု၏ ပိုင်ဆိုင်မှုများမှာ စက်ဘီး(၂)စီး၊ အိမ်ဆိုင်၊ တောင်ယာ(၃)ခင်း၊ နွား (၁၀) ကောင်အထက်၊ ဆိုင်ကယ်(၁)စီး၊ ပျဉ်ထောင်အိမ်ကြီးတို့ဖြစ်ပါသည်။ ၎င်းတို့သည် တောင်ယာကို အဓိကထားလုပ်ကိုင်ကြပြီး စက်ဖြင့်ထွန်ယက်စိုက်ပျိုးကြသည်။ ခိုင်းနွားများရှိသောကြောင့် သီးနှံများလွယ်ကူစွာသယ်ယူနိုင်ခြင်းအပြင် သစ်များထုတ်ယူရာတွင်နွားများကို အသုံးပြုနိုင်သောကြောင့် ဝင်ငွေပိုမိုရရှိကြသည်။ အိမ်ဆိုင်ရှိသောကြောင့်လည်း အမျိုးသမီးများမှာလည်း အိမ်မှုကိစ္စများ ပြု လုပ်ရင်း ဝင်ငွေများရရှိစေသည်။ ထို့ကြောင့် A


အုပ်စုတွင် ရှိသောအိမ်ထောင်စုတို့သည် စားဝတ်နေ ရေးပိုမိုအဆင်ပြေကြပါသည်။ ထို့နောက် B အဆင့်တွင် ရောက်ရှိနေသော အိမ်ထောင်စု (၂၂)အိမ်၏ ပိုင်ဆိုင်မှုတို့မှာ ဆိုင်ကယ်(၁)စီး၊ နွား(၃)ကောင်အောက်၊ ကြက်/ဝက် (၃)ကောင်၊ တောင်ယာ(၂)ခင်း နှင့် ပျဉ်ထောင်အိမ်တို့ဖြစ်ကြသည်။ ၎င်းတို့သည် တောင်ယာအဓိကထားလုပ်ကိုင်ကြပါသည်။ ၎င်းတို့သည် နွားကိုအသုံးပြု၍သာ ထွန်ယက်စိုက်ပျိုးကြသည်။ အချို့မှာလည်း A အဆင့်တွင်ရှိသော သူတို့၏ ထွန်စက်ငယ်များကိုလည်း ငှားရမ်းအသုံးပြုကြသည်။ B အဆင့်တွင်ရှိသောသူတို့သည်လည်း ဝင်ငွေကိုနွားများအသုံးပြု၍ သစ်ထုတ်လုပ်မှုဖြင့် ရှာဖွေကြရသည်။ စားဝတ်နေရေး ဖူလုံရုံမျှသာရှိသည်။ ထို့နောက် C အဆင့်တွင်ရှိသော အိမ်ထောင်စု(၁၀)အိမ်တို့၏ ပိုင်ဆိုင်မှုမှာ အိမ်၊ တောင်ယာ(၁)ခင်းနှင့် ကြက်/ဝက်တို့သာ ရှိသည်။ ၎င်းတို့သည် တောင်ယာကို အဓိကထားလုပ်ကိုင် စားသောက်ကြပြီး တစ်နေ့လုပ်တစ်နေ့စားများဖြစ်သည်။ အဓိကလုပ်ကိုင်စားသောက်ရန် ခိုင်းနွား မရှိသောကြောင့် A အဆင့်တွင်ရှိသောသူတို့၏ တောင်ယာတို့တွင် အငှားလိုက်ခြင်း၊ ပြင်ပသို့ အငှား လိုက်ခြင်းများဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြသည်။ ၎င်းတို့ကျေးရွာတွင် ရေရှားပါးသည့်အပြင် မိမိတို့မှာ ဆိုင်ကယ်မရှိသောကြောင့် အမျိုးသမီးများမှာ ခြေလျင်ဖြင့် ဒေါဖုကျေးရွာအထိ ရေသွား ခပ်ကြရသောကြောင့် အလုပ်လုပ်ချိန်နည်းပါးခြင်း၊ မနိုင်သောဝန်ကို ထမ်းဆောင်နေကြသလို ဖြစ် နေပါသည်။

ဒေါပဲ့ကျေးရွာသည် ဒေါဖုကျေးရွာအုပ်စုတွင် ဖွံ့ဖြိုးမှုအဘက်ဘက်မှ နောက်ကျကျန်နေသည် ဟု သုံးသပ်မိပါသည်။ ၎င်းတို့လျင်မြန်စွာပြန်လည်ဖွံ့ဖြိုးမှုအတွက် ၎င်းတို့၏ အဓိကပြဿနာဖြစ် သော ရေအခက်အခဲကို ဖြေရှင်းပေးခြင်း၊ ပူးပေါင်းပါဝင်မှုကောင်းမွန်လာစေရန် ပြန်လည်စည်းရုံး ခြင်း၊ လုပ်ကိုင်စားသောက်ရန်အတွက် အရင်းအမြစ်ဖော်ထုတ်ပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေး ခြင်းစသည်တို့ကို အလျင်အမြန်ဆောင်ရွက်ပေးနိုင်မှသာ သင့်တော်မည်ဟု သုံးသပ်ပါသည်။ အကြောင်းမှာ ၎င်းတို့၏ အဓိကဝင်ငွေရခြင်းမှုမှာ ကုန်ဆုံးနိုင်သော သစ်တောအရင်းအမြစ်ကို မှီခို လုပ်ကိုင်စားသောက်နေရသောကြောင့်ဖြစ်သည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၁၄)ဦး၊ မ (၁၂)ဦး**

ကျား/မ ပင့်ကူအိမ်




## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ဒေါပဲ့ကျေးရွာတွင် နေထိုင်ကြသော အမျိုးသား/အမျိုးသမီးများ၏ ကျား-မရေးရာဆိုင်ရာ တန်းတူအခွင့်အရေးရရှိမှုရှိမရှိကို ကျေးရွာလူထုများအားလုံးနှင့် သုံးသပ်ဆန်းစစ်ဖော်ထုတ်ကြရာ အခွင့်ရရှိမှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုရရှိကြောင်း တွေ့ရပါသည်။ ဝင်ငွေ ရရှိမှုကို ဆန်းစစ်ရာ အမျိုးသမီးများမှာ အဆင့် (၈)နှင့် အမျိုးသားတို့မှာ အဆင့်(၁၀)ဖြစ်သည်။ အမျိုးသမီးများမှာ တောင်ယာလုပ်ငန်းနှင့် အငှားလိုက်ခြင်းဖြင့် ဝင်ငွေကိုရရှိစေပြီး ပျှမ်းမျှအားဖြင့် အငှားလိုက်လျှင် တစ်ရက် (၅၀၀၀)ကျပ်ရရှိသည်။ သို့သော်တောင်ယာလုပ်ခြင်းနှင့် အိမ်မှုကိစ္စတို့ တွင်သာ အချိန်ကုန်နေရသည်။ လုပ်အား အငှားခေါ်ယူခြင်းသည်လည်း အချိန်ပြည့်မရှိပါ။ အမျိုး သားများမှာမူ အမျိုးသမီးများ၏ အခွင့်အရေးမျိုးရရှိသည့်အပြင် ခိုင်းနွားများကို အသုံးပြု၍ သစ် ထုတ်ယူရောင်းချခြင်းဖြင့် တစ်ရက် (၅၀၀၀) ကျပ်မှ (၁၀၀၀၀/၂၀၀၀၀)ကျပ်ထိ ရရှိကြပါသည်။ ထို့ကြောင့် မိသားစုဝင်ငွေကို အမျိုးသားများကသာ အဓိကရှာဖွေပေးကြပါသည်။ လုံခြုံမှုကို ဆန်း စစ်ကြည့်ရာတွင်လည်း အမျိုးသမီးမှာ အဆင့်(၄)နှင့် အမျိုးသားတို့မှာ အဆင့်(၈)တွင် ရှိသည်။ အမျိုးသားများသည် အုပ်စုအတွင်း ဒီးမော့ဆိုအထိ သွားလာရာလုံခြုံမှုရှိပါသည်။ လမ်းပန်းဆက် သွယ်ရေး၊ ခေတ်ကာလကောင်းမွန်လာသောကြောင့် ဗမာစကားမတတ်သဖြင့် ခေတ်မကောင်းပါက လုံခြုံမှုမရှိပါ။ အမျိုးသမီးများမှာ နေ့ဖက်တွင် လုံခြုံမှုရှိသော်လည်း ညဖက်သွားလာရာ လုံခြုံမှုမရှိ သေးဟု ထင်မြင်ကြောင်း ဆွေးနွေးတင်ပြကြပါသည်။ ထို့နောက် ဆုံးဖြတ်ပိုင်ခွင့်ကို ထပ်မံဆန်းစစ် ရာ အမျိုးသားတို့မှာ အဆင့်(၈)နှင့် အမျိုးသမီးတို့က အဆင့်(၅)တွင်ရှိကာ အမျိုးသမီးများထက် အခွင့်အရေးပိုများကြောင်းတွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျား/မတန်းတူအခွင့်အရေးပေးထား သော်လည်း အမျိုးသမီးတို့မှာ မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်းကြောင့်ဖြစ်ပြီး အဖွဲ့အစည်းတို့ တွင် ဆွေးနွေးညှိနှိုင်းခြင်း အတွေ့အကြုံအားနည်းခြင်းကြောင့် ဖြစ်ပါသည်။ အမျိုးသမီးတို့သည် အိမ်မှုကိစ္စတွင် အချိန်ပြည့်လုပ်ကိုင်နေရကြောင်းတွေ့ရသည်။ ကျန်သော ကျန်းမာရေးလက်လှမ်းမီမှု ပညာသင်ကြားခွင့်၊ အမွေရပိုင်ခွင့်နှင့် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်တို့တွင် တန်းတူအခွင့်အရေး ရရှိကြပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၁၄)ဦး၊ မ (၁၂)ဦး**

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်


ဒေါပဲ့ကျေးရွာသူ/သားများ၏ ဆွေးနွေးဖော်ထုတ်ချက်အရ ဒေါပဲ့ကျေးရွာအတွင်းတွင် ကျေးရွာလူထုမှ ဖွဲ့စည်းတင်မြှောက်ထားသော ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ လူငယ်အဖွဲ့၊ ကြက်ခြေ နီကော်မတီ၊ လူထုဗဟိုပြုကော်မတီ၊ ငွေစုငွေချေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ဆယ်ကျော် သက်အဖွဲ့တို့ရှိပါသည်။ ဒေါပဲ့ကျေးရွာတွင် သြဇာအာဏာအရှိဆုံးဖြစ်ပြီး ကျေးရွာနှင့်ပတ်သက်သော ကိစ္စကြီးငယ်တို့ကိုသူတို့သာ ကျေးရွာလူထု၏ သဘောဆန္ဒကိုရယူပြီး ဆုံးဖြတ်ချက်ချလေ့ရှိပါသည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်ကိုရယူပြီး လူငယ်အဖွဲ့မှ ဦးစီးဦးဆောင်ကာ သာရေး/နာရေးကိစ္စတို့တွင် လုပ်ကိုင်ဆောင်ရွက်လေ့ရှိကြပါသည်။ ထို့ကြောင့်လည်း လူငယ်အဖွဲ့အစည်းသည် မရှိလျှင်မဖြစ် သောအဖွဲ့အစည်းတစ်ဖွဲ့ဟု သတ်မှတ်ကြပါသည်။ လူထုဗဟိုပြုကော်မတီကိုလည်း အရေးကြီးသော အဖွဲ့ဟု သတ်မှတ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲများကိုဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်စေပါ သည်။ ငွေစုငွေချေးအဖွဲ့သည်လည်း ကျေးရွာလူထုအတွင်းမှ စားဝတ်နေရေးလုံလောက်မှုမရှိသော အိမ်ထောင်စုများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးပါသည်။ ကြက်ခြေနီကော်မတီသည် လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးပါသည်။ ထို့နောက် ဖွံ့ဖြိုးရေးကော်မတီ သည် ကျေးရွာ၏ လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများကို အုပ်စုသို့ဆွေးနွေးတင်ပြပေးသော အဖွဲ့ အစည်းဖြစ်ပါသည်။

ထို့နောက် LDN မှ ကျေးရွာလူထုနှင့် ဖွဲ့စည်းထားသော ဆယ်ကျော်သက်အဖွဲ့လည်း ကလေး များနှင့် ပတ်သက်သောအခွင့်အရေးများပို့ချပေးပြီး ထောက်ပံ့ကြေးများ၊ ရန်ပုံငွေများ ပံ့ပိုးပေးပါ သည်။ ကျေးရွာတွင် အဖွဲ့အသီးသီးမှ လုပ်ဆောင်ချက်တိုင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးအား အသိ ပေးရပါသည်။ ထို့မှတစ်ဆင့် အုပ်စုအုပ်ချုပ်ရေးမှူးထံသို့ ပြီးစီးသွားသော လုပ်ဆောင်ချက်ကို အစီ ရင်ခံနိုင်မည်ဖြစ်ပါသည်။ ပြင်ပမှနေ၍ ကျေးရွာများကို အုပ်စုအုပ်ချုပ်ရေးမှူးမှ ချုပ်ကိုင်ထားကာ ၎င်းအား အသိပေးပြီးမှသာ ဖွံ့ဖြိုးရေးစသောလုပ်ငန်းများကို လုပ်ဆောင်နိုင်ပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၁၄)ဦး၊ မ (၁၂)ဦး**

ရာသီခွင်ပြ ပြက္ခဒိန်



## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ဒေါပဲ့ကျေးရွာ၏ တစ်နှစ်တာကာလရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်သတ်မှတ်ကြရာတွင် တောင်ယာခုတ်ချိန်၊ စိုက်ပျိုးသည့်ကာလ၊ ပွဲတော်ကာလ၊ ရေရှားပါးသောကာလ၊ အိမ်ဆောက်ကာလ၊ တောမီးရှို့ကာလ၊ ရိတ်သိမ်းချိန်နှင့် စားဝတ်နေရေးခက်ခဲသောကာလဟူ၍ သတ်မှတ်ခဲ့ကြပါသည်။ ဒေါပဲ့ကျေးရွာသူ/သားတို့သည် တောင်ယာစိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြသည်။ အချို့ရွှေ့ပြောင်း တောင်ယာစနစ်ကို ကျင့်သုံးနေသေးသည့်အတွက် ဇန်နဝါရီလ၊ ဖေဖော်ဝါရီ လများတွင် ယာခင်းဖော်ရန်အတွက် တောင်ယာခုတ်ကြပါသည်။ ခုတ်ပြီး အခြောက်လှမ်းကာ မတ် လတွင် မီးရှို့၍ တောင်ယာခင်းကို ရှင်းလင်းကြပါသည်။ ဧပြီ၊ မေလတို့တွင် ထွန်ယက်ကာ မေ၊ ဇွန်၊ ဇူလိုင်လများတွင် စပါး၊ မြေပဲ၊ ပြောင်း၊ နှမ်းတို့ကို စိုက်ပျိုးကြပါသည်။ ထို့နောက် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလအထိ သီးနှံအမျိုးအစားအလိုက် ပြန်လည်ရိတ်သိမ်းကြပါ သည်။ ဒေါပဲ့ကျေးရွာသူ/သားတို့သည် အချို့မှာ စားဝတ်နေရေးမဖူလုံပေ။ များသောအားဖြင့် စိုက် ပျိုးရေးကာလတွင် စိုက်ပျိုးကာ ရုန်းကန်နေရသဖြင့် ပြင်ပဝင်ငွေရှာရန် အချိန်မပေးနိုင်တော့ပါ။ ထို့ကြောင့် စိုက်ပျိုးသည့်ကာလနှင့် ပေါင်းတင်မြက်ရှင်းသည့်လများတွင် စားဝတ်နေရေးပိုမိုခက်ခဲ သည်ကို တွေ့ရှိရပါသည်။ ဒေါပဲ့ကျေးရွာသည် အိမ်ဆောက်ကာလကို သတ်မှတ်ထားသောလရှိ သည်။ အယူအဆရှိသည့်လမှာ မတ်လဖြစ်သည်။ မတ်လတွင် အိမ်ကိုစတင်ဆောက်လုပ်ကြသည်။ ကြို၍ ဖေဖော်ဝါရီလမင်္ဂလာဆောင်သောလတို့တွင် အိမ်စတင်ဆောက်လုပ်၍မရပါ။ ၎င်းလသည် ညစ်နွမ်းသောလဟု သတ်မှတ်ကြပါသည်။ ဒေါပဲ့ကျေးရွာသည် ပွဲတော်လများကို ဖေဖော်ဝါရီလ တွင်မင်္ဂလာဆောင်ပွဲများ ပြုလုပ်ခြင်း၊ မတ်လတွင် အိမ်သစ်တက်ပွဲ၊ တောလိုက်ပွဲများပြုလုပ်ခြင်း၊ ဧပြီလတွင်တံခွန်တိုင်ပွဲ၊ ဇူလိုင်လတွင်စိုက်ပျိုးပြီးသော အထိမ်းအမှတ်အဖြစ် ဝါးဖုတ်ပွဲ၊ စက်တင်ဘာ လတွင်ဒီးကူပွဲ၊ အောက်တိုဘာလတွင် စပါးနှံနတ်တင်ပွဲ စသောပွဲများ ရွာလုံးကျွတ်ပွဲကြီးများ ဖြစ်ကြ ပြီး (၁)ရက်မှ (၂)ရက် အထိ ကြာမြင့်သည်။ ဒီဇင်ဘာလတွင် ကောက်သစ်စားပွဲ(သို့)ထမင်းထောင်း ပွဲကို အိမ်တိုင်းအိမ်တိုင်း တစ်အိမ်ပြီးတစ်အိမ် ဒီဇင်ဘာလတွင်း အပြီး ပြုလုပ်ကြပါသည်။ ပျော်ရွှင်စရာကောင်းသော ရိုးရာပွဲတော်များဖြင့် ဆင်နွှဲကြကာ ၎င်းတို့သည် ပျော်ရွှင်စွာဖြင့်သာ နှစ်များကို ကုန်ဆုံးစေခဲ့ပါသည်။ သို့သော် ဒေါပဲ့ကျေးရွာသည် ရေခက်ခဲသော ကျေးရွာဖြစ်သည်။ အခက်ခဲဆုံးလများမှာ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေလ တို့ဖြစ်သည်။ ကျန်သောလများမှာလည်း မိုးရေကိုသောက်ရေ/သုံးရေအဖြစ် မှီခိုအားထားကြရပါသည်။ ၎င်းတို့မှာ ရေအခက်အခဲကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် များစွာဖွံ့ဖြိုးမှုနောက်ကျနေးစေပါသည်။ ဥပမာ-ပွဲများပြုလုပ်ရာတွင် ရေလုံလောက်မှုမရှိခြင်း၊ ရေခပ်ရန် တစ်ရက်ကို (၁)ယောက်နှုန်း အချိန်ပေးနေရခြင်း၊ ရေလုံလောက်စွာမထားရှိသည့်အတွက် တစ်ကိုယ်ရည်သန့်ရှင်းမှုမရှိခြင်း၊ စာသင်အရွယ် ကလေးများပါ ရေခပ်ရသောကြောင့် ပညာရေးထိခိုက်လာခြင်း နောက်ဆုံးကျောင်း ထွက်ရသည် အထိ ဆိုးကျိုးများခံစားနေကြရပါသည်။

ဒေါပဲ့ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်ကို လေ့လာသုံးသပ်ရာတွင် သမာရိုးကျစိုက်ပျိုးပြီး အဓိကဝင်ငွေရရှိမှုမှာ သစ်ထုတ်လုပ်မှုဖြစ်သည်။ သစ်ထုတ်လုပ်မှုမှာ ကုန်ဆုံးသွားနိုင်သည့်အတွက် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးပေးနိုင်ပါမှ စားဝတ်နေရေးရေရှည်တွင် အဆင်ပြေလာလိမ့်မည်။ ၎င်းတို့၏ အဓိကပြဿနာဖြစ်သော ရေအခက်အခဲကို ဦးစားပေးဖြေရှင်းဆောင်ရွက်သင့်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ကူညီပံ့ပိုးသူ - CF/ဦးတူရယ်**

**ပါဝင်ဆွေးနွေးသူ - ကျား(၁၄)ဦး၊ မ (၁၂)ဦး**

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဥ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဖဲရယ် | | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်ငါးမယ်ါ | | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဒေါ်ပြိုးမယ် | | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်သလဲမို | | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဦးဖဲရယ် | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်စေးမယ် | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးဂီရယ် | | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်ဖဲရယ် | | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးစဲရယ် | | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၀ | ဒေါ်ဖိုးမယ် | | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၁ | ဦးဂီရယ် | | ကျေးရွာစာရင်းကိုင် |
| ၁၂ | ဦးသလဲ | | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်နဲမယ် | | ကျေးရွာစေတနာ့ဝန်ထမ်း |
| | | | |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ







## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။


| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးငါးရယ် | ၀၉-၄၂၆၉၇၂၈၅၅ | ဦးသူရဲရယ် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒေါ်ယု | ဒေါ်ပဲ့ခူ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၅၁ | ဘာသာ (၁) [illegible] ဗုဒ္ဓ | ၅၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ ဦး | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ကယား-- | ၁၅၉ | ၁၄၆ |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | ၄၆ | ၅ |



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ဓ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း    ကတ္တရာလမ်း    ကွန်ကရစ်လမ်း    မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း    မြေသားလမ်း    လူသွားလမ်း    အခြား ____________

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၆ (DRC)/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၁ ဖာလုံ ခွဲ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောက်မြေနီ ---------------------------

(၂) ---------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးမိုးဇော်

လက်မှတ် [signature] နေ့စွဲ 19 · 10 · 2017

လူထုစည်းရုံးရေးမှူး အမည် ဦးစဉ်းဇော်

လက်မှတ် [signature] နေ့စွဲ 19 · 10 · 2017

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုဖွံ့ဖြိုးရေးလုပ်ဆောင်နည်းပညာရှင်များမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးထူးရယ်

နေ့စွဲ 23 · 10 · 2017

စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄)

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒေါ်ဖူ | ဒေါ်ပဲ့ဦး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 23.10.17 | 23.10.17 | ၃၁ ဦး | ၁၆ ဦး | ၄၇ | ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 23.10.17 | 23.10.17 | ၁၈ ဦး | ၁၇ ဦး | ၃၅ ဦး | ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 3.11.17 | 3.11.17 | ၁၅ ဦး | ၉ ဦး | ၂၄ | ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 26.12.17 | 26.12.17 | ၁၈ | ၁၇ | ၃၅ | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၁.၁.၁၈ | ၁၁.၁.၁၈ | [illegible] ဦး | ၃ ဦး | [illegible] ဦး | [illegible] |
|---|---|---|---|---|---|---|
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ✓ | ✓ | ✓ | ✓ | ✓ | – |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ✓ | ✓ | ✓ | ✓ | ✓ | – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ✓ | ✓ | ✓ | ✓ | ✓ | – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ✓ | ✓ | ✓ | ✓ | ✓ | – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ပန်ထမ်း အမည် – ဦးတူးရယ် |
| နေ့စွဲ ၁၇ · ၁၀ · ၂၀၁၇ |
| စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား · မြို့နယ် ဒီးမော့ဆို · ကျေးရွာအုပ်စု ဒေါ်ပု · ကျေးရွာ ဒေါ်ပဲ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သီးနှံဈေးနှုန်းငြိမ် စက်ပစ္စည်း မရှိသည့်အခက်အခဲ | ၁ | ပညာသင်ကြားရာတွင် တိုက်ခန်းများ နေရာမလုံလောက်ခြင်း |
| ၂ | ရွာတွင်း မိုးကာလ သွားလာရာ ခက်ခဲခြင်း | ၂ | စစ်ဘေးသင့်၍ ရွေ့ပြောင်း ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း |
| ၃ | သောက်သုံးရေ သန့်ရှင်းရာ မလုံလောက်ခြင်း | ၃ | ရေစပ်ရှိသော ကလေးများ ပညာရေး ဝင်ရိုက်လာခြင်း |
| ၄ | သန့်ရှင်းမှု အားနည်းခြင်း/ပညာရေးအားနည်းခြင်း | ၄ | လျှပ်စစ်မီး မရရှိသေးသော အခက်အခဲ |
| ၅ | လူငယ်ကိုယ်သားနှင့် အားကစားကွင်း မရှိခြင်း | ၅ | စိုက်ပျိုးရေး နှင့် မွေးမြူရေး နည်းပညာ မရရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စစ်ကြောင့်ထိခိုက်သူ ပညာသင်ကြားမှု ပုံမှန်ဖြစ်ရမည် | ၁ | အိမ်တိုင်းရေ အလွယ်တကူ ရရှိလာနိုင်ရမည် |
| ၂ | သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရမည် | ၂ | အိမ်တိုင်း လမ်းဝဲ မီးလင်း နိုင်ရမည် |
| ၃ | စီးပွားရေး အဆင်ပြေလာနိုင်ရမည် | ၃ | ကလေးများ လုံခြုံစွာဖြင့် ပညာသင်ကြားနိုင်ရမည် |
| ၄ | ရွာတွင်းလမ်း အားလုံး ကောင်းမွန်အောင်ရမည် | ၄ | စစ်ဘေးသင့်ရွာအားလုံး ဖွံ့ဖြိုးတိုးတက်လာနိုင်ရမည် |
| ၅ | ကျန်းမာရေး စောင့်ရှောက်မှု ကောင်းလာရမည် | ၅ | စီးပွားရေး/လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်လာရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေသွယ်ယူခြင်း | က+မ | 300 သိန်း | ၁၊၂ |
| ၂ | ဂါလံ (၅၀၀၀) ရေတိုင်ကီ ၂လုံး | က+မ | ၇၀ သိန်း | ၁၊၂ |
| ၃ | ကျောက်ချောလမ်း (ရွာတွင်း) | က+မ | 78 သိန်း | ၁၊၂ |
| ၄ | အုံးမဆောင် | က | 150 သိန်း | ၁၊၂ |
| ၅ | ကျောင်း ခြံစည်းရိုး | က+မ | 180 သိန်း | ၁၊၂ |

# နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ဒေါပဲ့ (စော်ဘွား) ကျေးရွာ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ခန်းမဆောက် | ☐ မ ☑ များ | | |
| | ၂ | ကျောက်ချောလမ်း | ☑ မ ☑ များ | | |
| | ၃ | ကျောင်းမြေ ညှိ ... | ☑ မ ☑ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေး နည်းပညာ | ☑ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ရေသန့်ဘူးစက် | ☑ မ ☑ များ | | |
| | ၂ | ဂါလံ(၅၀၀၀) ရေကန် (၄ လုံး) | ☑ မ ☑ များ | | |
| | ၃ | ဆေးဝါးနှင့် သင်တန်း | ☑ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ပညာရေး | ၁ | ပညာရေး ထောက်ပံ့ကြေး | ☑ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | လျှပ်စစ်ဓါး: | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

အစည်းအဝေးကျင်းပသည့်နေ့ရက် – ၁၉.၁၀.၂၀၁၇

တက်ရောက်သူဦးရေ - ကျား (၁၄) + မ (၁၃) = (၂၇) ဦး

ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်း အစည်းအဝေးကို (၁၉.၁၀.၂၀၁၇) ရက်နေ့တွင် ဒေါပွဲ့ကျေးရွာတွင် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ခဲ့သည်။ အစီအစဉ်အရကျေးရွာအုပ်ချုပ်ရေးမှူး ဦးပိုးရယ် မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဦးတူးရယ်မှ စီမံကိန်းနှင့် ပတ်သက်ပြီး မိတ်ဆက်ခြင်း အစီအစဉ်ကို ဦးဆောင်ခဲ့သည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဦးဗင်းဆင့်လုလူ မှ စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းသည်။ ဆက်လက်ပြီး လူထု စည်းရုံးရေးမှူး ဦးတူးရယ် မှ စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် တာဝန် ဝတ္တရားများကိုရှင်းပြပြီး ကော်မတီများ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်သည်။ ဆက်လက်ပြီး လူအများပါဝင်သော လူထုဆန်းစစ်မှုကို ပြန်လည်ဆွေးနွေး အတည်ပြုမှုများပြုလုပ်ခဲ့သည်။

PSA/PRA များပြန်လည်အတည်ပြု ဆွေးနွေးပြီး ကျေးရွာအခက်အခဲများကို ပြန်လည် အတည်ပြုပြီး အခက်အခဲများအတွက် မျှော်မှန်းချက်များကို ပြန်လည်ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်ပြီး စီမံကိန်းလုပ်ငန်းခွဲများကို ပြန်လည်အတည်ပြုရေးဆွဲခဲ့သည်။ ထို့နောက် ဦးဗင်းဆင့်လုလူ မှ အကြုံးမဝင်မှုများကိုရှင်းပြသည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဦးဗင်းဆင့်လုလူ မှ အကာအကွယ်နှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။ ထို့နောက် ဦးပိုးရယ် မှ ကျေးဇူးတင်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးတူးရယ်

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁၃.၁၀.၂၀၁၇ | ရပ်မိရက်ဖ၊ကော်မတီဝင်၊ကျေးရွာလူထုများအားလုံး | ၁၄ | ၁၃ | ၂၇ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦများ၊လုပ်ပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊ရေထွက်ပေါက်၊ရေလှောင်ကန်၊သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၁၃.၁၀.၂၀၁၇ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊ | ၁၄ | ၁၃ | ၂၇ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန်အများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာကဏ္ဍ (Access Mapping) | ၁၃.၁၀.၂၀၁၇ | ကျေးရွာအတွင်းရှိအမျိုးသားနှင့်အမျိုးသမီးများ | ၁၄ | ၁၃ | ၂၇ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ပိုင်ဆိုင်မှု၊အခြေခံအဆောက်အဦးစသောလုပ်ငန်းများကိုဘယ်သူတွေကအသုံးပြု၊ထိမ်းချုပ်နေသလဲဆိုတာကိုဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၃.၁၀.၂၀၁၇ | အမျိုးသားများနှင့်အမျိုးသမီးများ၊ကျေးရွာလူထု | ၁၄ | ၁၃ | ၂၇ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၃.၁၀.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာလူထု | ၁၄ | ၁၃ | ၂၇ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၆ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calender) | ၂၀၁၇.၁၀.၁၈ | ကော်မတီဝင်များ၊ အမျိုးသမီး/သားဆင်းရဲနွမ်းပါးသူ | ၁၄ | ၁၃ | ၂၇ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ပွဲတော်ချိန်၊မိုးများကာလ၊ကျန်းမာရေးဆိုးကာလ၊ဝင်ငွေအကောင်းဆုံးကာလ၊အလုပ်ပါးကာလ၊ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၂၀၁၇.၁၀.၁၈ | အမျိုးသမီး/သား၊လူထုအားလုံး | ၁၄ | ၁၃ | ၂၇ | ငွေကြေးအရင်းအနှီးမရှိ၊လမ်းပန်းဆက်သွယ်ရေး၊မီးလင်းရေး၊ရေလုံလောက်မှုမရှိ၊ဖုန်းဆက်သွယ်ရေး၊ကျန်းမာရေး၊ပညာရေး၊စီးပွားရေး၊စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာမျော်မှန်းချက်များ (Village visions) | ၂၀၁၇.၁၀.၁၈ | ကျေးရွာလူထုအားလုံး | ၁၄ | ၁၃ | ၂၇ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ပညာရေး၊လူမှုရေး၊ကျန်းမာရေး၊ဘာသာရေးပိုမိုကောင်းမွန်လာ၊ကျေးရွာစည်းလုံးခြင်းပိုမိုကောင်းမွန်လာ၊စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (Village Approve Vision) | ၂၀၁၇.၁၀.၁၈ | ရွာလူထုအားလုံး | ၁၄ | ၁၃ | ၂၇ | လမ်း(ကတ္တရာ)၊မီး(လျှပ်စစ်မီး)၊ခန်းမဆောင်၊ရေလှောင်ကန်၊ရေငုတ်/ပိုက်၊စာသင်ကျောင်းတိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၂၀၁၇.၁၀.၁၈ | ရွာလူထုအားလုံး | ၁၄ | ၁၃ | ၂၇ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်သတ်မှတ်ခြင်း၊တိုင်းတာခြင်း၊ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊အကျိုးခံစားခွင့်ရှိသူလူဦးရေ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁၁ | ကျေးရွာသမိုင်းအကျဉ်းချုပ် (Village History) | ၂၀၁၇.၁၀.၁၉ | အမျိုးသမီး/သား၊ လူထုအားလုံး | ၁၄ | ၁၃ | ၂၇ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊လူမျိုး ဘာသာရေးစသော ကျေးရွာသမိုင်းအချက်အလက် |